စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

ဖုန်း- ၀၆၇ ၃၄၁၀၅၄၈ ၊ ၀၆၇ ၃၄၁၀၁၉၀ ၊ အီးမေးလ် - microfrd@gmail.com

စာအမှတ်၊ငကစ/ကက-၁/ ၆(၁၈၀/၂၀၁၈)
ရက် စွဲ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၄ ရက်

အကြောင်းအရာ။ **နှစ်စဉ်လိုင်စင်ကြေး၊ တိုးမြှင့်လိုင်စင်ကြေးများအားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းရုံးချုပ်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်သာ ပေးသွင်းရေးအကြောင်းကြားခြင်း**

ရည် ညွှန်း ချက်။
(၁) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၏ ၄-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ငကစ/ကက-၆(၇၆/၂၀၁၆)
(၂) ရန်ကုန်တိုင်းဒေသကြီးရုံး၏ ၄-၄-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ငကစ/ ရကတ (ငွေကြေး) (၄၄၀/၂၀၁၈)
(၃) မန္တလေးတိုင်းဒေသကြီးရုံး၏ ၄-၄-၂၀၁၈ ရက်စွဲပါစာအမှတ်၊ မန်းတိုင်း/ ငကဖ (၀၀၉/၂၀၁၈)

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရအဖွဲ့အစည်းများ၏ နှစ်စဉ်လိုင်စင်ကြေးအား အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးထားသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သာ ကနဦးလိုင်စင်ကြေးများ ပေးသွင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့သော်လည်း အချို့သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ရုံးချုပ်လိပ်စာများ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ထောက်ခံချက်ဖြင့် တင်ပြလာသည့်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိပါသည်။

၃။ အဆိုပါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ရုံးချုပ်လိပ်စာပြောင်းလဲခွင့်ပြုထားသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးများတွင်သာ နှစ်စဉ်လိုင်စင်ကြေး၊ တိုးမြှင့်လိုင်စင်ကြေးများ ပေးသွင်းရေး ရည်ညွှန်း (၁) ပါစာဖြင့် အကြောင်းကြားထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရုံးချုပ်လိပ်စာ ပြောင်းရွှေ့ခွင့်ပြုချက်ရရှိပြီးသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နှစ်စဉ်လိုင်စင်ကြေး၊ တိုးမြှင့်လိုင်စင်ကြေးများအား အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လက်ရှိရုံးချုပ်တည်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်သာ ပေးသွင်းရန်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

(ဇော်နိုင်)
ညွှန်ကြားရေးမှူးချုပ်

TOMS_April_2018

ဖြန့်ဝေခြင်း
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မိတ္တူကို
ရုံးလက်ခံ
မျှောစာ